ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)

## Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ထီရိကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၃ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၆ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၉ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၁ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၄၀ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၄၁ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၂ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၄ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
စကေး – ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြရူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ရူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချိုးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ရူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | အောင်သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၉-၂၀၂၀) ခုနှစ်

ကျေးရွာအုပ်စုအမည်-နွားလဝိုး ကျေးရွာအမည်-ထီရိ ရက်စွဲ ၂၄.၉.၂၀၁၉

**၁။ ကျေးရွာသမိုင်းအကြောင်း**

ထီရိကျေးရွာသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နွားလဝိုးအုပ်စုအတွင်းတွင် တည်ရှိပါသည်။ ထီရိကျေးရွာ၏ မြောက်ဘက်တွင်တောင်ယာ၊လယ်ယာ၊ တောင်ဘက်တွင်စက်မှုဇုံ၊ အရှေ့ဘက်တွင် ကယန်းသာယာ(တောင်)ရေထွက်ပေါက်နှင့် အနောက်ဘက်တွင် သစ်ဆိပ်ရှိသည်။ ထီရိကျေးရွာကို မြန်မာသက္ကရာဇ် (၁၃၂၇) ခုနှစ်တွင် ဦးလွန်း နှင့် ဦးတီးတောင်းတို့ အိမ်ထောင်စု(၂) စု မှ စတင်အခြေချရွာတည်ကြသည်။ ဦးလွန်းမှာလင်ဖုန်ရွာမှ ပြောင်းရွှေ့လာပြီး ဦးတီးတောင်းမှ ဒေါတမမှ ပြောင်းရွှေ့၍ရွာလာတည်ကြခြင်းဖြစ်သည်။ "ထီရိ" ဟုအမည်သွင်ရခြင်းမှာ ရေထွက်ပေါက်ရှိ၍ "ပအိုဝ့် လိုထီး=ရေဟူသော အဓိပ္ပယ်ရပြီး ရိ=အိုး" ဟူဖြစ်၍ "ရေအိုး" ဟုအဓိပ္ပာယ်ရပြီး ထီရိဟုအမည်မှည့် သွင်ခဲ့ ခြင်းဖြစ်ပါသည်။

ထီရိကျေးရွာစတည်ချိန်မှစ၍ ယခုထိ ရွာသူကြီး၊ ရွာအုပ်ချုပ်သူ(၁၄) ဦးရှိပြီဖြစ်ပါသည်။ ထီရိကျေးရွာအနေဖြင့် တောင်ယာ၊ လယ်ယာ၊ ပြောင်း၊ ပဲစင်းငုံ၊ မြေပဲ တို့ကိုစိုက်ပျိုးကြပါသည်။ ထီရိ ကျေးရွာတစ်ရွာလုံးအနေဖြင့် တောင်ယာပိုင်ဆိုင်မှုမှာ ခန့်မှန်းခြေမှာ (၁၀၀)ကေခန့်ရှိပါသည်။ တစ်နှစ် ထွက်နှုန်းမှာခန့်မှန်းခြေ လယ်ယာစပါးတွင် (၁၀၀)တင်းဂန်းကျင်ခန့်ထွက်ပြီး တောင်ယာစပါးမှာ တင်း (၇၀)ဂန်းကျင်ခန့်ထွက်ပါသည်။ သို့သော်အနည်းအများအထွက်နှုန်းမှာ ရာသီဥတုပေါ်နှင့် မြေသြဇာ ထည့်ပေးမှု နှုန်းပေါ်မူတည်ပါသည်။ ပြောင်းအထွက်နှုန်းမှာ ခြံကျယ်ပါက ပိသာ(၁၀၀၀)ခန့်ထွက်ပြီး အလယ်အလတ်တွင် ပိသာ(၈၀၀)ခြံကျဉ်းပါက ပိသာ(၄၀၀၊၅၀၀)ခန့်ထွက်ပါသည်။ စပါး၊ပြောင်းများ ထွက်ချိန်တွင်ဂင်ငွေရသော်လည်း အရင်းအနှီးငွေချေးယူထားသောကြောင့် အတိုးကိုသာပြန်ဆပ်ရခြင်း နှင့် ဓာတ်မြေသြဇာဖိုး ပြန်ဆပ်ရခြင်းကြောင့် ဂင်ငွေသိပ်မကျန်ပေ။ မြေပဲမှာမြေဆီမကောင်းသော ကြောင့် အနည်းငယ်သာစိုက်ပျိုးကြသည်။ ထွက်နှုန်းလည်း မကောင်းပေ။ ပဲစင်းငုံမှာ (၁) နှစ် တောင်း (၄၀)၊ (၅၀)ခန့်ထွက်ပါသည်။ ထို့ကြောင့် စိုက်ပျိုးသူနည်းပါးလာသည်။ ခြံအကျယ်၊ အနည်းအများပေါ် လည်းမူတည်ပါသည်။ ကြက်သွန်ကိုအနည်းငယ် စတင်စိုက်ပျိုးလာပြီဖြစ်ပါသည်။

ထီရိရွာ၏မွေးမြူရေးမှာ နွား၊ ဂက်နှင့် ကြက်များကိုမွေးမြူကြပါသည်။ တစ်ရွာလုံး၏နွား အကောင်ရေမှာ (၃၀)ခန့်ရှိပြီး ဂက်ကို (၆)အိမ်သာ မွေးမြူကြသည်။ ကြက်ကို မိသားစုတစ်နိုင်တစ်ပိုင် စားသောက်ဖို့ရန်အတွက်သာ မွေးမြူကြသည်။ အလုပ်အကိုင်အနေဖြင့်လက်မှုပညာဖြင့် ဂမ်းစာရာဖွေ သူများမှာ(၂)အိမ်ရှိပြီး ပုလိုင်း၊ ထရံများကိုပြုလုပ်ပြီးရောင်းချကြသည်။ ပရိဘောဂ ပြုလုပ်ပြီးဂမ်းစာရှာ ဖွေသူ(၁)အိမ်ရှိပါသည်။ ထီရိကျေးရွာနေဖြင့် ရေထွက်ပေါက်(၁)ခု ထီရိပိုင်သစ်တော (၁) ခုရှိပါသည်။

ထီရိပိုင်သစ်တောမှာ (၁၀)ကေရှိပါသည်။ ကျန်းမာရေးအနေဖြင့် ဆေးခန်းပြချင်ပါက ကျေးရွာအုပ်စု ဆေးခန်း ကယန်းသာယာ(တောင်) ကျေးလက်ဆေးပေးခန်းတွင်သာ သွားရောက်ပြသကြပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နန်းမွေးနွန့်ဖောင်

ရာထူး - လူထုစည်းရုံးရေးမှူး( CF )

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/Resource Map) | ၂၄.၉.၂၀၁၉ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၂၁ | ၃၀ | ၅၁ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၄.၉.၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၂၁ | ၃၀ | ၅၁ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ် ခြင်းကျေးရွာသားများ နှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄.၉.၂၀၁၉ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၁ | ၃၀ | ၅၁ | အမျိုးသမီးနှင့်အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့)အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၄.၆.၂၀၁၆ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၁ | ၃၀ | ၅၁ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၄.၉.၂၀၁၉ | အမျိုးသား၊ အမျိုးသမီးများ | ၂၁ | ၃၀ | ၅၁ | အမျိုးသား၊အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ( Venn Diagram) | ၂၄.၉.၂၀၁၉ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့ | ၂၁ | ၃၀ | ၅၁ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-**လွိုင်ကော်**ကျေးရွာအုပ်စု-**နွားလပိုး**ကျေးရွာ-**ထိရိ** ရက်စွဲ -၂၄. ၉ .၂၀၁၈




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၂၁ ဦး

မ - ၃၀ ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နန်းမွေးနွန့်ဖောင်

ရာထူး - လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ထီရိကျေးရွာတွင် အိမ်ခြေ (၉၃)အိမ် ရှိပါသည်။ တစ်ရွာလုံးမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ လူမျိုးစုအများစုမှာ ပအိုဝ့်လူမျိုးဖြစ်ပြီး အနည်းငယ်မှာဗမာလူမျိုးဖြစ်ပါသည်။ထီရိကျေးရွာ၏ နေထိုင်ရာအဆောက်အအုံပိုင်းမှာ အုတ်ဖြင့်ဆောက်လုပ်ထားသော တိုက်အိမ်အနည်းငယ်ရှိ သော်လည်းအများစုမှာ ထရံနှင့်ပျဉ်ထောင်အိမ်များဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိန်းလမ်းမကြီးသာ အကောင်းဆုံးဖြစ်ပြီး ဘုန်းကြီးကျောင်းလမ်းမှာ ရွာလမ်းကြားထဲတွင်အကောင်းဆုံးရွာလမ်းကြားဖြစ်ပါသည်။ ကျန်ရှိသောရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သော်ကြောင့် မိုးရာသီတွင် လမ်းချော်ခြင်း၊ သွားလာရန်ခက်ခဲခြင်း နှင့် ဗွက်ထခြင်းတို့ကို နှစ်တိုင်းကြုံတွေ့နေကြရသည်။

ထီရိကျေးရွာ ရေအခြေအနေကို သုံးသပ်ကြည့်ရာတွင် ရွာဘုန်းကြီးကျောင်းတွင်း အဂ်ီစိတွင်း(၁)တွင်းရှိပြီး သောက်သုံးရန်အနည်းငယ်သာ ခပ်ယူနိုင်ပါသည်။ သို့သော်လုံလောက်မှုမရှိပါ။ ထီရိနှင့်ကယန်းသာယာ(တောင်) ပူးတွဲပိုင်ဆိုင်သော ရေထွက်ပေါက်တစ်ခု ရှိသောလည်း ပတ်ဝန်းကျင်ကျေးရွာများ နှင့်အတူတတွအသုံးပြုရသောကြောင့် နွေရာသီတွင် သောက်သုံးရေ လုံလောက်မှုလုံးဝမရှိသည့် အခက်အခဲကိုကြုံတွေ့နေရပါသည်။ ထီရိကျေးရွာမှ ရေထွက်ပေါက်သို့ သွားရာလမ်းအရှည်မှာ ပေ(၂၃၅၅)ပေရှည်လျားပါသည်။ သွားလာရာတွင်လည်း လမ်းမကောင်းသောကြောင့်ရေသွား ရောက်ခပ်ယူရန် ခက်ခဲပါသည်။ မိန်းလမ်းမမှ သွားရောက်ခပ်ရာတွင်လည်း ကလေးများအတွက် ကားများ၊ ဆိုင်ကယ်များ အန္တရာယ်ကို စိုးရိမ်ရပါသည်။

ထီရိကျေးရွာ၏ စိုက်ပျိုးရေးကို သုံးသပ်ကြည့်ရာတွင် ထီရိကျေးရွာ၏ အဓိကစိုက်ပျိုးရေးမှာ စပါး၊ ပြောင်း တို့ဖြစ်ပါသည်။ မြေပဲနှင့် ကြက်သွန်တို့ကိုလည်း အနည်းငယ် စိုက်ပျိုးကြပါသည်။

ထီရိကျေးရွာ၏ အလုပ်အကိုင်ကို သုံးသပ်ကြည့်ရာတွင် တောင်ယာ၊ လယ်ယာချိန်တွင် ထိုအလုပ်ကိုလုပ်ကိုင်ပြီး အလုပ်နားချိန်တွင် ရွာအတွင်း၊ အုပ်စုအတွင်းတွင် ပန်ရံလုပ်ခြင်း၊ လက်သမား၊ ခြံရှင်းစသည်တို့ကိုလုပ်ကိုင်ကြပါသည်။လူတစ်ချို့မှာထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။တစ်နိုင်တစ်ပိုင် လက်မှုလုပ်ငန်း၊ အိမ်ဈေးဆိုင်ရောင်းချခြင်း စသည်တို့ဖြင့် အသက်မွေးကြသူ အနည်းငယ်ရှိပါသည်။ ထီရိကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ မူကြိုကျောင်းမှာ ဆောက်လုပ်ရန် နေရာမရှိခြင်းနှင့် မဆောက်လုပ် နိုင်သေးသောကြောင့် ယခုထိတည်ဆောက်ခြင်း မရှိသေးပါ။ ထို့ကြောင့်မိဘများက တောင်ယာသို့ခေါ်သွား၍ ထိန်းရသောကြောင့် ကလေးများအတွက် မလိုလားအပ်သော အန္တရာယ်များကြုံတွေ့ရပါသည်။ မိဘများအနေဖြင့်လည်း အလုပ်ကိုကောင်းမွန်စွာမလုပ်ရပေ။ တစ်ချို့ကလေးငယ်များမှာ သူငယ်တန်းအပျော် ကျောင်းပျော် အနေဖြင့်သာသွားရောက်ထားကြပါသည်။

ဘာသာရေးအနေဖြင့် ထီရိတွင်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း (၁)ကျောင်းရှိပါသည်။ ထိုဘုန်းကြီးကျောင်းတွင်းသာ ရပ်ရွာအစည်းအဝေးပြုလုပ်ခြင်း၊ ခန်းမဆောင်မရှိခြင်းကြောင့် ပြင်ပအဖွဲ့အစည်းများမှာလည်း ထိုဘုန်းကြီးကျောင်းတွင်သာ အစည်းအဝေးများ၊ သင်တန်းများပြုလုပ်ကြပါသည်။ ရေထွက်ပေါက်သို့သွားရာလမ်းသည် ကျေးရွာသားများအတွက် များစွာအထောက်အကူပြုသောကြောင့် လမ်းပြုပြင်ရန်လိုအပ်နေပါသည်။ ကျေးရွာသားများလည်း ပြုပြင်ချင်သောဆန္ဒများပြင်းပြနေပါသည်။ ကျေးရွာတွင်းရွာလမ်းကြားများအားလုံးလည်းပြုပြင်ရန်လိုအပ်လျက်ရှိပါသည်။ မိုးရာသီတွင်ရွာလမ်းကြားများရှိလမ်းများမှာ သွားလာရခက်ခြင်းကြောင့် အဖက်ဖက်မှနောက်ကျ၍ အန္တရာယ်များပါသည်။ ကျေးရွာတွင်းထပ်မံလိုအပ်နေသည်မှာ အတိုးနည်းငွေတိုးချေးခြင်း ဆောင်ရွက်ပေးသည့် အဖွဲ့အစည်း

လိုအပ်နေပါသည်။ ကျေးရွာမှဖွံ့ဖြိုးမှု နောက်ကျနေသေးသောကြောင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများဝင်ရောက်ပေးရန် လိုအပ်သည်ဟုသုံးသပ်ရပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် - **လွိုင်ကော်** ၊ ကျေးရွာအုပ်စု-**နွားလပိုး** ၊ ကျေးရွာ-**ထီရိ** ၊ရက်စွဲ-၂၄.၉.၂၀၁၈

| **အမျိုးအစား** | **သတ်မှတ်ချက်/ညွှန်းကိန်းများ** | **အိမ်ထောင်စု အရေအတွက်** | **ရာခိုင်နှုန်း** |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊စတိုးဆိုင်၊လယ်ယာ(၄)ကေအထက်၊ ထော်လဂျီ၊ကိုင်းရှည်၊ဆိုင်ကယ်(၃)စီး၊တောင်ယာ (၁၅)ကေအထက်၊ပြောင်းခြွေစက်၊ ရေခဲသေတ္တာ၊ မြက်ရိတ်စက်၊ ဖုန်း။ | ၁၀အိမ် | ၁၀.၇၅% |
| အလယ်အလတ် | ပျဉ်ထောင်သွပ်မိုး၊ တောင်ယာ (၅)ကေ အောက် ၊ ဇန်းဂါ၊ မြက်ရိတ်စက်၊ ဆိုင်ကယ် (၁)စီး ၊ စက်ဘီး၊ ဖုန်း ၊TV၊ ဇန်းဝါ၊ အပ်ချုပ်စက် ။ | ၄၀အိမ် | ၄၃.၀၁% |
| ဆင်းရဲ/နွမ်းပါး | ထရံအိမ် ၊ လယ်ယာမရှိ ၊ လက်လုပ်လက်စား ၊ သက်ကယ်မိုး ၊ စက်ဘီး။ | ၄၃အိမ် | ၄၆.၂၃% |
| | စုစုပေါင်း အိမ်ထောင်စု | ၉၃အိမ် | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ -**

ကျား -၂၁ ဦး

မ - ၃၀ ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နန်းမွှေးနွန့်ဖောင်

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ထီရိရွာ၏စုစုပေါင်း အိမ်ခြေမှာ (၉၃) အိမ်ရှိပါသည်။ ထီရိကျေးရွာကိုဥစ္စာဓနကြွယ်ဝမှု အားဖြင့် အဆင့်(၃)ဆင့်ဖြင့်သုံးသပ်၍ ဆွေးနွေးထားကြသည်-

အဆင့် (၁) ချမ်းသာအုပ်စု

အဆင့် (၂) အလယ်အလတ်အုပ်စု

အဆင့် (၃) မပြေလည်သောအုပ်စု ဟူ၍ဖြစ်သည်။

ချမ်းသာအဆင့်တွင်ရှိနေသော အိမ်ထောင်စုစုစုပေါင်း (၁၀)အိမ်ဖြစ်ပြီး ရာခိုင်နှုန်း (၁၀.၇၅%) ရှိပါသည်။ ချမ်သာအဆင့်တွင် တိုက်အိမ်၊စတိုးဆိုင်၊လယ်ယာ(၄)ဧကအထက်၊ ထော်လဂျီ၊ ကိုင်းရှည်၊ဆိုင်ကယ်(၃)စီး၊ တောင်ယာ(၁၅)ဧကအထက်၊ပြောင်းခြွေစက်၊ ရေခဲသေတ္တာ၊ မြက်ရိတ်စက်၊ ဖုန်းတို့ပိုင်ဆိုင်ကြသည်။ ထိုသို့ရပ်တည်နေရခြင်းမှာ အလုပ်ကြိုးစားခြင်း၊ ခြံမြေများစွာပိုင်ဆိုင်ခြင်း၊ သီးနှံစုံလင်စွာစိုက်ပျိုးခြင်း၊ လယ်ယာ၊ တောင်ယာမြေများစွာပိုင်ဆိုင်နိုင်ခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ ချမ်းသာအဆင့်၏ တစ်နှစ်ပတ်လုံးပုံမှန်ဝင်ငွေမှာ သိန်း(၄၀မှ၅၀)အကြားငွေဝင်ပြီး ရာသီဥတုနှင့် စိုက်ပျိုးသီးနှံ အထွက်နှုန်းပေါ်မူတည်၍လည်း အနည်းအများကွာခြားသည်။ အဆင်ပြေသော အုပ်စုအတွင်းရှိ ကျောင်းသူ၊ကျောင်းသားများသည် ပညာကိုဆုံးခန်းတိုင်အောင် သင်ယူနိုင်ကြသည်။

အလယ်အလတ်အဆင့်တွင်ရှိနေသော အိမ်ထောင်စုစုစုပေါင်းမှာ (၄၀)အိမ်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၄၃.၀၁%)နှုန်းရှိပါသည်။ ပျဉ်ထောင်သွပ်မိုး၊ တောင်ယာ(၅)ဧကအောက် ၊ဗန်း၀၊ မြက်ရိတ်စက်၊ ဆိုင်ကယ် (၁)စီး ၊ စက်ဘီး၊ ဖုန်း ၊TV၊ ဗန်း၀၊ အပ်ချုပ်စက် တို့ကို အများစု ပိုင်ဆိုင်ကြသည်။ ထိုအဆင့်တွင်တည်ရှိနေရခြင်းမှာ စိုက်ပျိုးခြံနည်းပါးခြင်း၊ မိ ရိုးဖလာအလုပ်ကိုသာစွဲမြဲ၍ လုပ်ကိုင်ကြခြင်း၊ ရပ်ရွာကိစ္စတွင်သာလုပ်ကိုင်နေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း ၊ဝင်ငွေ ထွက်ငွေမကိုက်ညီခြင်းနှင့် ရင်းနှီးငွေလုံလောက်မှုမရှိခြင်း စသည်အခက် များကြောင့်သုံးသပ်ရပါသည်။ အလယ်အလတ်အဆင့်၏ တစ်နှစ်ပတ်လုံးပုံမှန်ဝင်ငွေမှာ သိန်း(၂၀မှ၁၅) အကြားငွေဝင်ပြီး ရာသီဥတု နှင့် စိုက်ပျိုးသီးနှံအထွက်နှုန်းပေါ်မူတည်၍လည်း အနည်းအများကွာခြားသည်။ ထိုအုပ်စုအတွင်းရှိ ကျောင်းသူ၊ကျောင်းသားများမှာ စီးပွားရေးမပြေလည်သောကြောင့် သော်လည်းကောင်း၊ မိမိကိုယ်တိုင်မှာလည်း ပညာရေးတွင်စိတ်ဝင်စားမှုမရှိသောကြောင့် အများစုမှာပညာကို ဆုံးခန်းတိုင်အောင်မသင်ယူနိုင်ကြပါ။

မပြေလည်သောအုပ်စုတွင် ရှိနေသောအိမ်ထောင်စုတို့မှာ ထရံအိမ်၊ လယ်ယာမရှိ၊ လက်လုပ်လက်စား ၊ သက်ကယ်မိုး ၊ စက်ဘီးတို့ပိုင်ဆိုင်ကြသော စုစုပေါင်းမှာ (၄၃)အိမ်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၄၆.၂၃%)ရာခိုင်နှုန်းရှိပါသည်။ ဆင်းရဲအဆင့်တွင် တည်ရှိနေရခြင်းမှာ စိုက်ပျိုးခြံလုံး၀ မရှိခြင်း၊ အသိပညာနည်းပါးခြင်း၊ အတိုးပေါ်အတိုးဆင့်၍ အကြွေးများနှင့်လုံးပန်းနေရခြင်းနှင့် ဝင်ငွေနည်းပါးခြင်း စသည်တို့ကြောင့်သုံးသပ်ရပါသည်။ နှစ်စဉ်ပုံမှန်ဝင်ငွေမရှိ သကဲ့သို့မိသားစုစားဝတ်နေရေး အတွက်ပင်တစ်ခါတစ်ရံ အခက်အခဲဖြစ်တတ်ပါသည်။ ထိုအုပ်စုတွင် ကျောင်းတက်နိုင်သူ အနည်းငယ်သာရှိပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | | စိုက်  | ပျိုး  |  | ပေါင်း → | လိုက် → | ရိတ် → | သိမ်း | | | |
| ဝင်ငွေ/ထွက်ငွေ | | $ $ | $ $ | $ $ | $ $ | $ $ | $ $$<br>$ $ | $ $$ $<br>$ $ | $ $$<br>$ $ | $ $$ | $ $$ | $ $ |
| ကျန်းမာရေး | ဝမ်းပျက် → | ဝမ်းလျှော → | | | တုတ် → | ကွေး → | နာစေး → | ချောင်းဆိုး → | တုတ်ကွေး → | → | | |
| ပွဲလမ်းသဘင် | သင်္ကြန် ပွဲ | ကဌာန်း ပွဲ | | | | | သီတင်းကျွတ်ပွဲ | ကထိန်ပွဲ | | | | ကျောင်းတက်ပွဲ |
| သောက်သုံးရေရရှိမှု | → | → | → | လုံ → | လောက် → | မှုရှိ → | | | | မလုံ → | လောက် → | → |
| အစားအစာဖူလုံမှု | → | → | → | → | → | → | → | → | → | → | → | |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၂၁ ဦး

မ - ၃၈ ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နန်းမွေးနွန့်ဖောင်

ရာထူး - လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ထီရိကျေးရွာအနေဖြင့် နယုန်၊ဂါဆို၊ဂါခေါင်လများတွင် မိုးအများဆုံးလ ဖြစ်ပြီး နတ်တော်၊ တပို့တွဲ၊ တပေါင်းလများတွင် နေသာ၍ ပူအိုက်သောလများဖြစ်သည်။ ကျန်လများမှာ ပုံမှန်အတိုင်းသာဖြစ်သည်။ တစ်ခါတစ်ရံမိုးကောင်း၍ မိုးပိုမိုရွာသွန်းပါက စပါး၊သီးနှံများ ပျက်ဆီး၍ အရှုံးပေါ်ပြီး အကြွေးများကြသည်။

စပါး ၊ပြောင်းနှင့် ပဲစင်းငုံတို့ကို နယုန်လ ၊ဂါဆိုလနှင့်ဂါခေါင်လများတွင် စတင် စိုက်ပျိုးကြပြီး တော်သလင်းလ နှင့် သီတင်းကျွတ်လများအတွင် ပေါင်းလိုက်၊မြက်ရှင်းကြကာ တန်ဆောင်မုန်းလနှင့် နတ်တော်လများအတွင်း စတင်ရိတ်သိမ်းကြသည်။ သို့သော်ယခုနှစ်တွင် ပဲစင်းငုံ ဈေးကွက်မရှိသောကြောင့် စိုက်ပျိုးသူနည်းသည်။

ငွေဝင်သောကာလများမှာ တန်ဆောင်မုန်းလတွင် အနည်းငယ်ငွေဝင်ပြီး နတ်တော်လ ၊ပြာသိုလနှင့် တပို့တွဲလများသည် ဝင်ငွေအများဆုံးလဖြစ်သည်။ ထိုလများတွင် ဝင်ငွေများသော်လည်း ချေးငွေအတိုး ၊အရင်းနီးများပေးရန် ချန်ရသောကြောင့် ကျန်ငွေအလွန်နည်းပါသည်။ ထွက်ငွေအနေဖြင့် စိုက်ပျိုးရာသီတွင် မျိုးစေ့များ ၊မြေဩဇာများ ၊ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများနှင့် လုပ်သားများငှားရမ်းရသောကြောင့် တစ်နှစ်ပတ်လုံး ထွက်ငွေများရှိပါသည်။

တန်ခူးလနှင့်ကဆုန်လတို့တွင် အသီးအနှံများမှည့်သော ရာသီဖြစ်သောကြောင့် ကျေးရွာတွင် ဂမ်းပျက်ဂမ်းလျော ဖြစ်လေ့ရှိကြသည်။ ရာသီကူးပြောင်းလများ ဖြစ်သောတော်သလင်း၊ သီတင်းကျွတ်နှင့် ပြာသိုလတို့တွင် ချောင်းဆိုး၊ နာစီးခြင်းနှင့် ရာသီတုပ်ကွေးများ(ဆင်တုပ်ကွေး) ကိုခံစားကြရသည်။

တန်ခူးလတွင်သင်္ကြန်ပွဲ ကျင်းပကြသည်။ ပဌာန်းပွဲကို ကဆုန်လတွင် ကျင်းပပြုလုပ်ကြသည်။ သီတင်းကျွတ်လတွင် သီတင်းကျွတ်မီးထွန်းပွဲကို ရွာအနေဖြင့်လည်း ကျင်းပကြသည်။ တန်ဆောင်မုန်းလတွင် ကထိန်ပွဲကိုကျင်းပပြုလုပ်ကြသည်။ တပေါင်းလတွင် ပဒိုဂ့်လူမျိုးကျောင်းတက်ပွဲကို ကျင်းပပါသည်။ ရွာနီးပေါင်းချုပ်အနီးရှိကျေးရွာများသို့ သွားရောက်၍ဘုန်းကြီးကျောင်းတက်ခြင်းနှင့် မိမိကျေးရွာသို့ကျောင်းတက်ပွဲအလှည့်ကျပါက ကျန်ကျေးရွာများလည်း မိမိတို့ကျေးရွာသို့လာရောက် ကျောင်းတက်ကြသည်။ ထိုအချိန်မျိုးတွင် တစ်ရွာလုံးက လာရောက်သောဧည့်သည်များကို ထမင်းများဖြင့် တည်ခင်းဧည့်ခံကြသောပွဲဖြစ်ပါသည်။

နယုန်လမှ တော်သလင်းလအထိ ရေလုံလောက်မှုရှိပြီး ပြာသိုလမှတပေါင်းလ အတွင်း ရေရှားပါးကြသည်။ ကျန်လများမှာ မိုးရေခံများရှိခြင်း၊ ဘုန်းကြီးကျောင်းဝင်းအတွင်း အဂီစီတွင်းမှ သောက်သုံးရေရရှိမှုများကြောင့်အဆင်ပြေသည်။ ရေရှားပါးချိန်တွင် ဒုက္ခများပြားစွာကြုံတွေ့ရပါ သည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ကိုင်းရှည် | အပ်ချုပ်စက် | ရေထွက်ပေါက် |
| ထော်လဂျီ | | အဂ်ီစိတွင်း |
| ပြောင်းချွေစက် | | ဖုန်း/TV/EVD |
| မြက်ရိတ်စက် | | သစ်တော |
| | | ဘုန်းကြီးကျောင်း |
| | | ဈေးဆိုင် |
| | | ဆိုင်ကယ်/စက်ဘီး/ကား |
| | | တောင်ယာ၊လယ်ယာ |
| | | ရေထွက်ပေါက် |
| | | Sky Net ၊ ဗန်းဂါ |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၂၁ ဦး

မ - ၃၈ ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နန်းမွှေးနွန့်ဖောင်

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ကိုင်းရှည် | အပ်ချုပ်စက် | အဂီစိတွင်း |
| ထော်လဂျီ | | ဖုန်း/TV/EVD |
| ပြောင်းချွေစက် | | သစ်တော |
| မြက်ရိတ်စက် | | ဘုန်းကြီးကျောင်း |
| | | ဈေးဆိုင် |
| | | ဆိုင်ကယ် |
| | | တောင်ယာ၊လယ်ယာ |
| | | ဆိုင်ကယ်/စက်ဘီး၊ကား |
| | | Sky Net ၊ ဗန်းဂါ |
| | | ရေထွက်ပေါက် |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၂၁ ဦး

မ - ၃၇ ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နန်းမွေးနွန့်ဖောင်

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

အရင်းအမြစ်ထိန်းချုပ်မှုတွင် အမျိုးသမီးများမှာ အပ်ချုပ်စက်ပင်ဖြစ်ပါသည်။ အမျိုးသားများမှာထော်လဂျီ၊ ကိုင်းရှည်၊ ရထွက်ပေါက်၊ မြက်ရိတ်စက်တို့ဖြစ်ပြီး ဘုန်းကြီးကျောင်း၊စာသင်ကျောင်း၊ တောင်ယာ၊လယ်ယာ၊ကား၊ ဖုန်း/TV/EVD၊ ဆိုင်ကယ်၊လမ်း၊ Sky Net၊ ဗန်းဂါ၊အဂီစီ၊ဈေးဆိုင်တို့ကို အတူတကွထိန်းချုပ်ကြပါသည်။ အမျိုးသမီးများအနေဖြင့် ထိန်းချုပ်မှုနည်းရခြင်း မှာ အစဉ်အလာအရ အမျိုးသားများသာ အရာအားလုံးထိန်းချုပ်ရမည်ဟု ယူဆထားသောကြောင့်နှင့် ရှေးအယူအဆအတွေးအခေါ်များကို ကျင့်သုံးနေသေးသောကြောင့်ဖြစ်ပါသည်။ အမျိုးသားများအနေဖြင့် အရင်းအမြစ်များကို ပြုပြင်ခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ကို ဦးဆောင်လုပ်ကိုင်ကြပါသည်။

ထီရိကျေးရွာအနေဖြင့် အရင်းအမြစ်သုံးစွဲမှုတွင် အမျိုးသား ၊ အမျိုးသမီးများ သုံးစွဲမှုကို ခွဲခြားထားခြင်း မရှိသော်လည်း ခြုံကြည့်ရာတွင်အမျိုးသားများ သုံးစွဲမှုမှာ ပိုမိုများပြားသည်ကို တွေ့ရှိရသည်။ ထိန်းချုပ်မှုတွင်လည်း သဘောသဘာဂအရ အမျိုးသားများသာ ထိန်းချုပ်ကြပြီး အမျိုးသမီးများက ထိန်းချုပ်မှု၊ထိန်းသိမ်းမှုကို မလုပ်ဆောင်ခြင်ကြပေ။ အမျိုးသမီးများမှာ တောင်ယာလုပ်ကိုင်ခြင်း ၊ အိမ်မှုကိစ္စများတွင်သာ စိတ်ပါဂင်စားကြပြီး အုပ်ချုပ်မှု၊ထိန်းချုပ်မှုတို့ကို စိတ်ဂင်စားမှုမရှိကြပေ။ ကျား၊မရေးရာအခန်းကဏ္ဍာများကို ပို့ချသော်လည်း နားလည်မှု၊ သဘောပေါက်မှုနည်းနေကြသေးသည်။ အသိပညာဖွင့်သင်တန်းများ ပိုမိုပို့ချပေးလျှင် အမျိုးသမီးများသည်လည်း မိမိတို့၏အားနည်းချက်၊ လိုအပ်ချက်များကို ကိုယ်တိုင်တွေ့ရှိတတ်လာပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍတွင် အတူတကွပူးပေါင်းဆောင်ရွက်တတ် လာမည်ဟုသုံးသပ်မိပါသည်။

## ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




အမျိုးသမီး → အပြာရောင်

အမျိုးသား → အနီရောင်

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၂၀ ဦး

မ - ၃၀ ဦး

**မှတ်တမ်းတင်သူ**

အမည်-ဒေါ်နန်းမွှေးနွန့်ဖောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

ထီရိကျေးရွာ၏ အမျိုးသားနှင့် အမျိုးသမီး ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသားအဆင့်(၈)၊ အမျိုးမီးအဆင့်(၇) ရှိကြသည်။ ယခင်နှစ်များထက် အမျိုးသမီးများ၏ ဆုံးဖြတ်ပိုင်ခွင့် အဆင့်လေးဆင့် တိုးတက်လာသည်ကို တွေ့ရပါသည်။ ထီရိကျေးရွာ၏ လုပ်အားခတန်းတူရရှိမှုတွင် အမျိုးသား နှင့် အမျိုးသမီးများ တူညီသောလုပ်အားအတွက် တူညီသောလုပ်အားခ ပေးချေသည့်အလေ့အထ ကျင့်သုံး နေပြီဖြစ်သည်။ ဦးဆောင်ခွင့်တွင် အမျိုးသား(၈)၊ အမျိုးသမီး(၅)၊ အမျိုးသားများ ပိုမိုဦးဆောင်ခွင့်ရခြင်း မှာ မိရိုးဖလာအစွဲအရ သော်လည်းကောင်း၊ လူမျိုး၏ထုံးတမ်းဓလေ့ အရသော်လည်ကောင်း အမျိုးသား များသာ ကိစ္စအရပ်ရပ်ကို ဦးဆောင်လာခဲ့ကြခြင်း၊ အမျိုးသမီးများအနေဖြင့်နှင့် ဦးဆောင်ခြင်သော ဆန္ဒ နည်းပါးပြီး ဦးဆောင်ဖို့ရန်လည်း ကြောက်ရွံ့နေကြခြင်းတို့ကြောင့်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသား(၉)၊အမျိုးသမီး(၄)၊ အမျိုးသားများပိုမို အ ဆင့်များရခြင်းမှာ အမျိုးသားအနေဖြင့် မည်သည့် လုပ်အကိုင်မဆို လုပ်ကိုင်ရန်ဆင်ပြေခြင်း ၊ မိမိကျေး ရွာတွင်အလုပ်အကိုင် ရှားပါးပါက ရွာနီးနားတွင် သွားရောက်လုပ်ကိုင်နိုင်ကြပြီး အမျိုးသမီးများအနေ နှင့် ကျေးရွာအတွင်းသာ လုပ်ကိုင်နိုင်ကြသည်။ ကာယခွန်အား အနေနှင့်လည်း ပိုမိုအားကောင်းသော ကြောင့် အမျိုးသားများအတွက် အလုပ်အကိုင်ပိုမို များပြားပါသည်။

အိမ်တွင်းမှုတွင် အမျိုးသား(၄)၊အမျိုးသမီး(၈)၊ အမျိုးသမီးများ၏ သဘာဂအရအိမ်မှု ကိစ္စကို မဖြစ်မနေလုပ်ကိုင်ရမည် ဟူသောအစွဲရှိသောကြောင့်သော်လည်းကောင်း၊ ရှေ့ရိုးဆန်သော ပတ်ဂန်းကျင်၏ အပြောအဆိုများနှင့်၊ အယူအဆများကြောင့် အိမ်မှုကိစ္စများတွင် အမျိုးသမီးများသာ လုပ်ကိုင်ကြခြင်းဖြစ်သည်။

ပူးပေါင်းပါဂင်ခွင့်တွင် အမျိုးသား(၆)၊ အမျိုးသမီး(၆)၊ အမျိုးသားများမှာ အမျိုးသမီးနှင့် ကွာခြားမှုမရှိပေ။ လူမှုရေးကိစ္စများ၊ သာရေးနာရေး၊ ဘုန်းကြီးကျောင်းတက် ၊ရပ်ရွာကိစ္စများတွင် အတူ တကွပူးပေါင်းပါဂင် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ပူးပေါင်းပါဂင်ခွင့်တွင် အများအားဖြင့်ကွာခြားမှု သိပ် မများသော်လည်း အမျိုးသားများအချို့မှာ အမျိုးသမီးများကို အိမ်မှာသာနေခိုင်းပြီး ရပ်ရွာကိစ္စနှင့် အချို့ ကိစ္စများတွင် ပူးပေါင်းပါဂင်ခြင်းကို အလေးမထားကြပေ။ သို့သော်ယခုအခါ အသိအမြင်များ ဖွံ့ဖြိုးမှုအ နည်းငယ်တိုးလာသောကြောင့် အမျိုးသမီးများကိုလည်း ဦးဆောင်နေရာပေးလာပြီဖြစ်သည်။

ပညာသင်ကြားခွင့်တွင် အမျိုးသား(၅)၊ အမျိုးသမီး(၅)၊ အမျိုးသားနှင့် အမျိုးသမီးတန်း တူ အခွင့်အရေးရကြပြီး ယခင်ကဲ့သို့ အမျိုးသမီးများကို ပညာသင်ခွင့် ပိတ်ပင်ထားခြင်းမရှိတော့ဘဲ ယခုအခါ တန်းတူအခွင့်အရေးရကြပါသည်။ ယခုအခါအမျိုးသမီးများမှာ အမျိုးသားထက် ပိုမိုထူးချွန် ကြပြီး ပညာသင်ကြားမှုပိုမို များပြားကြပါသည်။ အမျိုးသားများမှာ အတန်းပညာသင်လိုစိတ်နည်းပါး ခြင်း၊ အပြင်အလုပ်ကိုသာ လုပ်ကိုင်ကြခြင်းကြောင့် ယခုအခါပညာသင်ကြားသူ နည်းပါးလာကြသည်။

အမွေရပိုင်ခွင့်တွင် ပအိုဝ့်လူမျိုးများနေဖြင့် အမျိုးသား၊အမျိုးသမီး ခွဲခြားခြင်း မရှိဘဲ တန်းတူအမွေရပိုင်ခွင့်ကိုရရှိကြသည်။ အမွေကိုပိုင်ဆိုင်လိုခြင်းစိတ်ထက် ကိုယ့်အားကိုယ်ကိုးပြီး ကြိုး စားအားထုတ်မှုကိုသာ ပိုမိုမြတ်နိုးတန်ဖိုးထားကြသည်။

ထီရိကျေးရွာ၏ ပင့်ကူအိမ်ဇယားကို ကြည့်ခြင်းဖြင့် အမျိုးသမီးများ အတွေးအခေါ်ပိုင်း ဆိုင်ရာ နှင့် အသိပညာဗဟုသုတများ များစွာလိုအပ်နေသည်ကို တွေ့ရှိရပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၂၁ ဦး

မ - ၃၈ ဦး

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နန်းမွှေးနွန့်ဖောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

ထီရိကျေးရွာ၏ ကျေးရွာအတွင်းတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများစွာရှိပါသည်။ ကျေးရွာအတွင်း အဓိကအဖွဲ့အစည်းမှာ အဖွဲ့အစည်းမှာ အုပ်ချုပ်ရေးမှူးအဖွဲ့ဖြစ်ပြီး ထိုအဖွဲ့သည် ကျေးရွာ၏ အာဏာအရှိဆုံး ဩဇာအညောင်းဆုံးအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ကျေးရွာအကျိုးကို အတူတကွလုပ်ကိုင်ဆောင်ရွက်ပေးသည်။ ပြဿနာများကို အဖွဲ့ဝင်များကစည်းလုံးစွာတိုင်ပင် ညှိနှိုင်းဖြေရှင်းပေးကြသည်။ သာရေး၊ နာရေး ကိစ္စရပ်များတွင်လည်း ကျေးရွာနှင့်အတူ ပါဝင်ဆောင်ရွက်ပေးသည်။

ကျေးရွာအတွင်းလူငယ်အဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ လူငယ်များအနေဖြင့် ရပ်ရွာလုပ်အားပေးများ၊ ဧည့်ခံကျွေးမွေးရေးနှင့် သာရေး ၊နာရေးများတွင် အဓိကပိုင်းဝန်းကူညီကြသည်။ ရိုးရာပွဲလမ်းသဘင်ပွဲတော်များတွင် လူငယ်များက ရိုးရာအကများကိုလည်း ဦးဆောင်ပြီးကကြပါသည်။

ပညာရေးအဖွဲ့အနေဖြင့် ကျေးရွာအတွင်းကလေးများကို ပညာသလင်ကြားရန် ဆော်ဩစည်းရုံးပြောဆိုပေးပါသည်။ ဆရာ၊ဆရာမများ လိုအပ်သောကိစ္စရပ်များကလည်း လုပ်ဆောင်ပေးပါသည်။ အဖွဲ့ဝင်များပုံမှန်တွေ့ဆုံပြီး ကျေးရွာပညာသင်ကြားနေသော ကလေးများအတွက်လည်း တိုင်ပင်ဆွေးနွေးခြင်းကို ပြုလုပ်ကြပါသည်။

ဘာသာရေးအဖွဲ့အနေဖြင့် ကျေးရွာဘာသာရေးကိစ္စများကို ဆော်ဩ၍ အစည်းအဝေးကျင်းပပေးခြင်း ၊ ဘုန်းကြီးကျောင်းတွင် လိုအပ်သော ကျောင်းဝေယျာဝိစ္စကိစ္စများ အားလုံးကိုတာဝန်ယူဆောင်ရွက်ပေးပါသည်။

CDDကော်မတီအနေဖြင့် ကျေးရွာအတွင်း စီမံကိန်းလုပ်ငန်းခွဲ အကောင်ထည်ဖော်ရန် ကြိုတင်ပြင်ဆင်ခြင်း နှင့် အကောင်ထည်ဖော်ဆောင်ရာတို့တွင် CDDဝန်ထမ်းများနှင့်အတူ အဓိကပါဝင်ဦးဆောင်ပေးကြသည်။

ယခင်နှစ်များတွင် ကျန်းမာရေးအဖွဲ့များစတင်ဝင်ရောက်ခဲ့ပြီး ကလေးများကိုကြည့်ရှုပေးပြီး ခြင်ထောင်များကိုဝေငှပေးပါသည်။ ယခင်ကUNDP(၂၀၀၆ -၂၀၁၀)အဖွဲ့အစည်း ဝင်ရောက်မှုရှိခဲ့ရာ (၂၀၀၆) စိတ်တူကိုယ်တူအဖွဲ့အစည်း ပေး၍ထောက်ပံ့ပေးသည်။ (၂၀၁၀)တွင်စာသင်ကျောင်းဆောက်လုပ်ပေးခဲ့သည်။ သို့သော်ယခုအခါ ထိုကော်မတီများဆက်လက် လုပ်ဆောင်ခြင်းများမရှိတော့ပေ။

(၂၀၁၆)ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်း(CDD)သည် ကျေးရွာအတွင်း စတင်ဝင်ရောက်လာပြီး ကျေးရွာ၏လိုအပ်ချက်ကို အတူတကွထုတ်ဖော်ကြပြီး ကျေးရွာ၏လိုအပ်ချက်ဖြစ်သော ကျေးရွာလမ်းနှင့် ရေပြွန်များကိုတည်ဆောက်ပေးခဲ့သည်။ ၂၀၁၇-၂၀၁၈ခုနှစ်တွင်ထပ်မံကျေးရွာ၏ လိုအပ်ချက်ဖြစ်သော လမ်းကိုထပ်မံခင်းပေးခဲ့သည်။

ကျေးရွာရေရရှိရေး နှင့်ရေခွဲဝေရာတွင် စီမံခန့်ခွဲပေးခြင်းကိုရေကော်မတီက အဓိကဆောင်ရွက်ပေးကြသည်။

ယခုအအခါကျေးရွာအတွင်းသို့ ထပ်မံဝင်ရောက်လာသော အဖွဲ့အစည်းမှာ (ဟာနာ)ငွေချေးပေးသည့် အဖွဲ့အစည်းမှဝင်ရောက်လာပြီး လုပ်ဆောင်ပေးမှုသိပ်မရှိသေးပါ။ သို့သော်ကျေးရွာအတွင်းအစည်းအဝေးများ လာရောက်လုပ်ကိုင်ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DRD) သည်လည်း၂၀၁၇ခုနှစ်တွင် ကျေးရွာတွင်လိုအပ်နေသောရေလှောင်ကန်တည်ဆောက်ပေးခဲ့သည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

ကျေးရွာစီထောက်ကော်မတီဥက္ကဌ
၁။ဦးမောင်ဦး
၂။ဒေါ်လှဂင်းကြည်

စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ
၁။ဦးကျော်သိန်း
၂။ဒေါ်စန်းရွှေ

လည်ပတ်ထိန်းသိမ်းရေးကော်မတီ
၁။ဦးကျော်ညွန့်
၂။ဒေါ်ခမ်းစိန်

ဂယ်ယူရေးကော်မတီ
၁။ဦးမောင်ငွေး
၂။ဒေါ်ရင်အေး

ကျေးရွာစေတနာ့ဂန်ထမ်း
၁။ဦးဇော်ထွန်း
၂။ဒေါ်နန်းခမ်းသူ

ဂေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့
၁။ဦးရန်အောင်
၂။ဒေါ်အုန်းကြည်

ငွေစာရင်းကိုင်
၁။ဒေါ်မွေးမွေး

**ပါဂင်ဆွေးနွေးသူ -**

ကျား - ၂၁ ဦး

မ- ၃၈ ဦး

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နန်းမွေးနွန့်ဖောင်

ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




**မှတ်တမ်းတင်သူ**
အမည်- ဒေါ်နန်းမွှေးနွန့်ဖောင်
ရာထူး-လူထုစည်းရုံးရေးမှူး

# အုပ်စုကော်မတီ အဖွဲ့ဝင်များ

| စဉ် | ကျေးရွာအမည် | ကော်မတီဝင်အမည် | |
|---|---|---|---|
| | | ကျား | မ |
| ၁ | ထေးပလော်ရူ | ဦးဖရေရယ် | ဒေါ်ထွေးမြာ |
| ၂ | မြေနီကုန်း | အုပ်စု ဘဏ္ဍာရေးဆပ် | ဒေါ်မာရီစလင်း |
| ၃ | ပျားကနဲ | ဦးယိုရှု | ဒေါ်နော်ထူးစေး |
| ၄ | ထီးသူးကူး | အုပ်စုစီထောက် | ဒေါ်မာရီ |
| ၅ | (၃)မိုင်ပကြဲ | ဦးပေါလူ | ဒေါ်ငါးမြာဝင်း |
| ၆ | မော်ချီးစုစည်း | ဦးယောဟန် | အုပ်စုစာရင်းကိုင် |
| ၇ | လင်ဖုံအောက် | ဦးမြင့်ခိုင် | ဒေါ်နန်းငဲမူ |
| ၈ | လင်ဖုံထက် | ဦးခွန်ကြူး | ဒေါ်နန်းခမ်းကျော် |
| ၉ | ဒေါခေါ်ရူ | ဦးငါးရယ် | ညေးမြာ |
| ၁၀ | ကယန်းကြရူ | အုပ်စု ဘဏ္ဍာရေးဆပ် | ဒေါ်ဘဲမယ် |
| ၁၁ | ပဒါးညေး | ဦးပန်းစိန် | ဒေါ်ခင်စိန် |
| ၁၂ | လယ်ထွဲရွာသစ် | ဦးတီးခွန် | ဒေါ်ရွှေကြာ |
| ၁၃ | လယ်ထွဲရွာဟောင်း | ဦးမောင်ငယ် | ဒေါ်ပန်းငွေ |
| ၁၄ | နွားလဝိုးစံပြ | ဦးဘဲရယ် | ဒေါ်ဘယ်ရောနီကာ |
| ၁၅ | နွားလဝိုးရွာမ | ဦးကျော်မင်းသိုက် | ဒေါ်ညိုညိုစန်း |
| ၁၆ | ကယန်းသာယာတောင် | ဦးဒါးဝီ | အုပ်စုစီထောက် |
| ၁၇ | ထီရိ | ဦးမောင်ဦး | ဒေါ်လှဝင်းကြည် |
| ၁၈ | ကယန်းသာယာမြောက် | ဦးမီးနို | ဒေါ်ရှသာ |
| ၁၉ | အောင်သပြေကုန်း | ဦးနေထိုင်း | ဒေါ်စီးကာ |
| ၂၀ | ကျောက်ကြီးတောင် | ဦးသန်းထွန်းလင်း | ဒေါ်ပြုံးရွှင် |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form FC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးဆက်သွယ်ရန်ရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေးမြန်းစုဆောင်းရမည်။ ဤအချက်အလက်များကိုစိစစ်ဆက်သွယ်ထားသောအဖွဲ့အစည်းများနှင့်ပေါင်းစပ်ရမည်။ စီမံကိန်းဆက်သွယ်ထားသည့်အချိန်တွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် - | |
|---|---|---|---|
| ဦးကျော်ဟိန်း | 09-449247184 | ဒေါ်နှင်းဝေ၊ နှင်းမောင် | |
| ပြည်နယ်/တိုင်းဒေသကြီး၊ ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နွားယရိုး | ကျေးရွာ ဆိုရို |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ယဒိုင်း | ၈၅ | ဘာသာ(၁) ဗုဒ္ဓ | ၈၅ |
| လူမျိုးစု (၂) ဗမာ | ၈ | ဘာသာ(၂) ဗုဒ္ဓ | ၈ |
| လူမျိုးစု (၃)---------- | | ဘာသာ(၃)---------- | |
| | | | |
| လူမျိုးစုရော---------- | | ဘာသာရော---------- | |
| အခြား | | | |
| | အရေအတွက် | | ၉၃ |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၈ | | |
| စစ်ဘေးရှောင် | - | | |
| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
| လူဦးရေ | ၂၁၇ | ၂၁၁ | ၄၂၈ |
| လူမျိုးစု (၁) ယဒိုင်း | ၂၀၇ | ၁၉၆ | ၄၀၃ |
| လူမျိုးစု (၂) ဗမာ | ၁၀ | ၁၅ | ၂၅ |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၈၁ | ၁၂ | ၉၃ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ဗိုင်းပါ UNDP (2005-2006) ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှငင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ 0.75 မိုင်

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 15 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် 15 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☑ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေပြင်း တိုက်ခတ်ခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----ရွာကဖွဲ့ အစည်း-----

(၂) -----လူထု ဗဟိုပြု စီမံကိန်း

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ဟိန်း

လက်မှတ် [signature] နေ့စွဲ ၂၄-၉-၂၀၁၉

လူထုစည်းရုံးရေးမှူး အမည် ဒေါ်နန်းဖွေးနှင်းဖောင်

လက်မှတ် [signature] နေ့စွဲ ၂၄-၉-၂၀၁၉

**(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

